ကန့်သတ်

မြန်မာနိုင်ငံစာရင်းကောင်စီ
လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)သင်တန်းအမှတ်စဥ် - ၄၂
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဥ်-၄၂ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ တစ်ကျောင်းတည်းတွင်သာ ၂၀၁၆ ခုနှစ်၊ မေလတွင် ဖွင့်လှစ်ပါမည်။

၂။ အဆိုပါသင်တန်းသို့ အောက်ပါပုဂ္ဂိုလ်များအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) စီးပွားရေးတက္ကသိုလ်များက ၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့်B.com, B.Act, B.B.A ဘွဲ့စာမေးပွဲအောင်မြင်သူများမှ မဟာတန်းတက်ခွင့်ရသူများ၊

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီက ၂၀၁၅ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲတွင်ထူးချွန်အဆင့်ဖြင့်အောင်မြင်သူများ၊

၃။ အသိအမှတ်ပြု ပြည်တွင်း/ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရသူနိုင်ငံသားများကို ဝင်ခွင့်စာမေး ပွဲကျင်းပ၍ ရွေးချယ်မည် ဖြစ်ပါသည်။

၄။ ဝင်ခွင့်စာမေးပွဲကို ၇-၂-၂၀၁၆နေ့ (တနင်္ဂနွေနေ့)နံနက် ၁၀း၀၀နာရီတွင် ကျင်းပပါမည်။ စာမေးပွဲ ကျင်းပမည့်နေရာကို ဖြေဆိုခွင့်ကတ်ပြားတွင် ဖော်ပြထားပါမည်။

၅။ ဝင်ခွင့်စာမေးပွဲတွင် Financial Accounting, Cost & Management Accounting နှင့် Auditing ဘာသာရပ်များပါဝင်သည့် ၂ နာရီမေးခွန်းလွှာတစ်ခုကို ဖြေဆိုရပါမည်။

၆။ သင်တန်းတက်ရောက်လိုသည့် တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများနှင့် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့်သူများသည် အထက်အပိုဒ်(၁)ပါလိပ်စာတွင် ၂၁-၁၂-၂၀၁၅မှ ၈-၁-၂၀၁၆ နေ့အတွင်း ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁,၀၀၀ ဖြင့်ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူများသည် စာမေးပွဲကြေး ကျပ်၅,၀၀၀ ပေးသွင်းရမည် -

(က) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)

(ခ) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)အောင်လက်မှတ် သို့မဟုတ် ထောက်ခံစာ (မူရင်း/မိတ္တူ)(၂၀၁၅ခုနှစ်၊ မေလစာမေးပွဲအောင်မြင်သူများမှ တိုက်ရိုက်တက်ရောက်ခွင့်ရှိသူများ)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)

(ဃ) တစ်လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ် ဓါတ်ပုံ ၃ ပုံ

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသူများစာရင်းကို ၂၆-၁-၂၀၁၆ နေ့တွင်အပိုဒ် ၁ ပါ လိပ်စာတွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၁-၂၀၁၆ မှ ၅-၂-၂၀၁၆ နေ့အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲဖြေဆိုသည့်ရက်တွင် လုံးဝထုတ်ပေးမည် မဟုတ်ပါ။

ကန့်သတ်

၈။ ရွေးချယ်ခံရသူများ၏အမည်စာရင်းကို ၁၈-၃-၂၀၁၆ နေ့တွင်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website www.oagmac.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းအမှတ် ၀၁-၂၂၇၂၄၆၊ ၀၁-၂၂၃၀၄၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ